မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၇၇ ၂၀၁၃ ခု မေလ

- မွတ်စလင်ဆန့်ကျင်ရေး တိုက်ခိုက်မှုများသည် တတိယမြောက်ဆက်တိုက်လအထိဆက်လက်ဖြစ်ပွားလျက်ရှိနေကြသည်။ အကြမ်းဖက်မှုများသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နှင့် ပဲခူးတိုင်းတို့သို့ပျံ့နှံ့ခဲ့သည်။ ဖြစ်ပွားခဲ့သောပဋိပက္ခများအားပြန်လည်ကြည့်ရှုရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်အကြမ်းဖက်မှုများအားတားဆီးရန်ပျက်ကွက်ခဲ့ကြသလို ဘာမှမလုပ်ပဲ ရပ်ကြည့်နေခဲ့ကြသည်ကို တွေ့ရှိကြရသည်။
- အမေရိကန်သမ္မတဘားရက်အိုဘားမားက သမ္မတဦးသိန်းစိန်အား ဝါရှင်တန်သို့ကြိုဆိုကာ မြန်မာနိုင်ငံမှမွတ်စလင်များအပေါ် အကြမ်းဖက် မှုများအားရပ်တန့်ပစ်ရန်လိုအပ်ကြောင်းပြောကြားအပြီး တပတ်အ ကြာတွင်နောက်ဆုံးအကြမ်းဖက်မှုများထပ်မံဖြစ်ပေါ်ခဲ့သည်။
- လွှတ်တော်က မန္တလေးတိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေးအားရက် ၆၀ ထပ်မံတိုးမြှင့်လိုက်ခြင်းကိုအတည်ပြုပေးခဲ့သည်။
- မကြာသေးခင်ကဖြစ်ပွားခဲ့သော မွတ်စလင်များအားဆန့်ကျင်တိုက်ခိုက်မှုများတွင်ပါဝင်ပတ်သက်ခဲ့သည့်အတွက် မည်သည့်ဗုဒ္ဓဘာသာဝင်များကိုမျှတရားဝင်တရားစွဲဆိုမှုများကို အစိုးရမှမပြုလုပ်သော်လည်း မွတ်စလင်များအား တရားစွဲဆိုမှုများကိုမူဆက်တိုက်ပြုလုပ် နေခဲ့သည်။
- ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များက ရခိုင်ပြည်နယ်မြို့နယ် ၂ ခုတို့တွင်ရိုဟင်ဂျာများအား တအိမ်ထောင်လျှင် ကလေးနှစ်ယောက်သာမွေးဖွားရမည့်ပေါ်လစီကို ပြဌာန်းပေးရန်ဂတိပြုခဲ့ကြသည်။
- နှစ်နှစ်နီးပါးတိုက်ပွဲများဆက်တိုက်ဖြစ်ပွားပြီးနောက် မကြာသေးမီကနောက်ဆုံးဆွေးနွေးပွဲများအတွင်းတွင် အစိုးရနှင့်ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့သည် အပစ်အခတ်ရပ်စဲရေးအဆင့်သို့မရောက်ရှိနိုင်ခဲ့ကြသော်လည်း ရန်လိုမှုများရပ်တန့်သွားရေးလုပ်ဆောင်ကြရန်ဂတိပြုခဲ့ကြသည်။
- သမ္မတဦးသိန်းစိန် ဝါရှင်တန်သို့မသွားမီပေးခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်တွင်အစိုးရသည် နိုင်ငံရေးအကျဉ်းသား ၁၉ ဦးကိုလွှတ်ပေးခဲ့သည်။ သို့သော်လည်းအတိုက်အခံ ၁၆၄ ဦးအကျဉ်းထောင်များထဲတွင်ရှိနေဆဲဖြစ်ပါသည်။
- UN အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာက တပ်မတော်သည် ကလေးစစ်သားများကိုစုဆောင်းဆဲ၊ အသုံးပြုဆဲဖြစ်သည်ဟုတွေ့ရှိခဲ့သည်။ ၂၀၁၂ ခုထဲတွင် အရွယ်မရောက်သူများအား တပ်သားအဖြစ်

ဤသတင်းလွှာတွင်

ပင်မသတင်း
၂မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများပျံ့နှံ့လျက်ရှိ
၃ စစ်အုပ်ချုပ်ရေးဥပဒေ သက်တမ်းတိုးချဲ့
၃ မွတ်စလင်များအား တရားစွဲဆို
၃ ရိုဟင်ဂျာများအား ခွဲခြားဆက်ဆံခံရ
၄ UN ကအစိုးရအား ပြင်းထန်စွာဝေဖန်
မြန်မာပြည်တွင်းသတင်းများ
၄ ကချင်ပြည်နယ်တွင် အပစ်အခတ်ရပ်စဲမှုမရရှိနိုင်သေး
၅ ရှမ်းပြည်နယ်တွင် တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား
၅ မရေရာမှုများနှင့်ရင်ဆိုင်နေရသော ပိုက်လိုင်းများ
၆ လယ်သမားများ ဖမ်းဆီးတရားစွဲခံရ
၆ ဆိုင်ကလုန်း "မဟာစင်"
လူ့အခွင့်အရေးဆိုင်ရာ
၇ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေး
၈ ကလေးစစ်သားများ စုဆောင်းနေဆဲ
၈ စာနယ်ဇင်းနှင့်ဘာသာရေးလွတ်လပ်ခွင့်
အိုးအိမ်မှဖယ်ရှားခံရမှုများ
၈ ရိုဟင်ဂျာလှေစီးဒုက္ခသည်များ
နိုင်ငံတကာရေးရာ
၉ ဦးသိန်းစိန် ဝါရှင်တန်သို့သွား
၉ US ၏ပိတ်ဆို့အရေးယူမှုများ
၁၀ ဂျပန်ဝန်ကြီးချုပ် မြန်မာနိုင်ငံသို့လာရောက်
စီးပွားရေးဆိုင်ရာ
၁၀ အားနည်းသော အရင်းအမြစ်အုပ်ချုပ်မှုပုံစံ
၁၁ ရင်းနှီးမြှုပ်နှံမှုအတွက် အတားအဆီးများ
၁၁ ရန်ကုန်မှဆန္ဒပြမှုများ
၁၁ ဖုန်း SIM ကဒ်မဲနှိုက်မှုများ
၁၁ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၁၄ အစီရင်ခံစာများ

Receive the Burma Bulletin monthly!
email publications@altsean.org
Online copies are available for
download at www.altsean.org

စုဆောင်းခဲ့သည့်အမှုပေါင်း ၃၂ မှုရှိခဲ့သည်ဟုသတင်းများရရှိခဲ့သည်။

- **ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက သူ၏မြန်မာနိုင်ငံခရီးစဉ်အတွင်း စီးပွားရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။ တိုကျို (ဂျပန်) ကမြန်မာနိုင်ငံ၏ကျန်ရှိနေသေးသော ကြွေးမြီအမေရိကန်ဒေါ်လာ ၁.၈၅ဘီလီယမ်ကိုလျှော်ပေးရန်သဘောတူခဲ့သည်။**

ပင်မသတင်း

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ တိုင်းရင်းသားဒေသများသို့ပျံ့နှံ့လာ

မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများသည် သုံးလဆက်တိုက်ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အကြမ်းဖက်မှုများသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ပဲခူးတိုင်းတို့သို့ပါ ရောက်ရှိလာခဲ့သည်။

- **မေ ၂** - ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင်လူ ၃၀ ခန့်ပါဝင်သော အုပ်စုတစုသည် မွတ်စလင်ဆိုင်များနှင့်အိမ်များကို ဖျက်ဆီးခဲ့ကြသည်။
- **မေ ၂၈** - ဗုဒ္ဓဘာသာဘုန်းတော်ကြီးများပါဝင်သော အုပ်စုတစုသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့မှဗလီတလုံး၊ မိဘမဲ့ကလေးကျောင်းတကျောင်းနှင့် မွတ်စလင်များပိုင်ဆိုင်သောဆိုင်များအား ဖျက်ဆီးခဲ့ကြသည်။ ဒေသခံမွတ်စလင်အမျိုးသားတဦးကဗုဒ္ဓဘာသာဝင်အမျိုးသမီးတဦးအား ဓါတ်ဆီဖြင့်လောင်းကာမီးရှို့ခဲ့သည်ဟူသောသတင်းများထွက်ပေါ်လာအပြီးတွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တည်ငြိမ်စိုးမိုးမှုပြန်လည်ရရှိရန်ကြိုးပမ်းရာတွင် အစိုးရအာဏာပိုင်များသည် မြို့ထဲ၌ မိုးချုပ်မှအာရုံတက်ချိန်အထိ အိမ်ပြင်မထွက်ရကာဖျူးအမိန့်ကိုထုတ်ပြန်ခဲ့သည်။
- **မေ ၂၉** - လားရှိုးမြို့တွင်မငြိမ်သက်မှုများသည် ဒုတိယနေ့အဖြစ်ဆက်လက်ဖြစ်ပွားခဲ့သည်။ သံဒုတ်များ၊ ဒုတ်များကိုင်ဆောင်ထားကြသော ဗုဒ္ဓသာသာအုပ်စုများသည် မွတ်စလင်ဆန့်ကျင်ရေးကြွေးကြော်သံများအော်ဟစ်ကာ မော်တော်ဆိုင်ကယ်များဖြင့်လမ်းများပေါ်တွင်လျှောက်သွားနေခဲ့ကြပြီး မွတ်စလင်များပိုင်ဆိုင်သည့် အိမ်များနှင့်ဆိုင်များကိုမီးရှို့ခဲ့ကြသည်။ တိုက်ခိုက်ဖျက်ဆီးနေသူများသည် မြို့တွင်းတွင်သတင်းယူနေသော အလွတ်သတင်းထောက် ၂ ဦးကိုလည်း ရိုက်နက်တိုက်ခိုက်ခဲ့ကြသည်။ အဓိကရုဏ်းများအတွင်း မွတ်စလင်တဦးသေဆုံးခဲ့ရသည်။ မြို့တွင်နေထိုင်ကြသူများ၏အဆိုအရ ဖြစ်ပွားခဲ့သောပဋိပက္ခများအားပြန်လည်ကြည့်ရှုရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်အကြမ်းဖက်မှုများအားတားဆီးရန်ပျက်ကွက်ခဲ့ကြသလို ဘာမှမလုပ်ပဲရပ်ကြည့်နေခဲ့ကြသည်ဟု သိရသည်။
- **မေ ၃၀** - ပဲခူးတိုင်းကျောက်ကြီးမြို့နယ်တွင်ဗုဒ္ဓဘာသာအုပ်စုတစုသည် ဗလီတခုနှင့် အစ္စလာမ်ဘာသာကျောင်းတကျောင်းအား ဖျက်ဆီးခဲ့ကြသည်။လားရှိုးတွင် တည်ငြိမ်စိုးမိုးမှု ပြန်လည်ရရှိရန်အတွက် စစ်သားရာပေါင်းများစွာတို့ကိုအစိုးရမှ စေလွှတ်ခဲ့သည်။ လမ်းများပေါ်တွင် ဒုတ်များကိုင်ဆောင်ထားသော ဗုဒ္ဓဘာသာအမျိုးသားအနည်းငယ်ခန့်တို့သည်မော်တော်ဆိုင်ကယ်များဖြင့်လှည့်လည်သွားလာနေကြသေးသော်လည်း အကြမ်းဖက်မှုများထပ်မံဖြစ်ပွားသည်ဟု သတင်းများမရရှိသေးပေ။

မြန်မာနိုင်ငံ၏အခြားဒေသများမှ မွတ်စလင်အသိုင်းအဝိုင်းများသည် တိုက်ခိုက်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်နေခဲ့ကြပါသည်။ ရန်ကုန်တွင် အစိုးရအာဏာပိုင်များက မြို့အနှံ့ရှိဗလီများတွင်လုံခြုံရေးချထားမှုများကို တိုးမြှင့်ထားခဲ့သည်။ မေလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဝင်းကိုက်ကျေးရွာအားမီးရှို့မည်ဟု ဒုတ်များကိုင်ဆောင်ထားသော ဗုဒ္ဓဘာသာဝင် ၁၀၀ ခန့်ပါဝင်သည့် အုပ်စုတစုကခြိမ်းခြောက်ခဲ့ကာ ဒေသခံမွတ်စလင်များအားသတ်ဖြတ်ခဲ့ကြသည်။ မေလ ၂ ရက်နေ့က မန္တလေးမှ အောင်မြေသာဇံနှင့်ချမ်းအေးသာဇံမြို့နယ်များတွင် မည်သူမည်ဝါဟုမသိရှိရသောသူများသည် မွတ်စလင်ဆန့်ကျင်ရေးကြွေးကြော်သံများကိုအော်ဟစ်ကာ ဗုဒ္ဓဘာသာဝင်များနှင့်မွတ်စလင်များအကြား အဓိကရုဏ်းများ ဖြစ်ပေါ်လာစေရန်လှုံ့ဆော်ကြိုးပမ်းခဲ့ကြသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် စစ်အုပ်ချုပ်ရေးကိုသက်တမ်းတိုးမြှင့်ခဲ့

မေလ ၂၁ ရက်နေ့က ၂ ရက်တာအထူးအစည်းအဝေးအပြီးတွင် မန္တလေးတိုင်းအတွင်းရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည်မြို့နယ်များ၌ စစ်အုပ်ချုပ်ရေးဥပဒေအား ရက် ၆၀ ထပ်မံတိုးမြှင့်လိုက်ခြင်းကို အမျိုးသားလွှတ်တော်က ထောက်ခံမဲ ၄၈၉ မဲ၊ ကန့်ကွက်မဲ ၄၃ မဲ၊ ကြားနေမဲ ၁၃ မဲတို့ဖြင့်အတည်ပြုပေးလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD အမတ်အများစုက ထိုတိုးမြှင့်ခြင်းကိုဆန့်ကျင်မဲပေးခဲ့ကြသည်။ လွှတ်တော်အတွင်းဆွေးနွေးကြရာတွင် ဒေါ်စုမှ မတ်လအတွင်းက စစ်အုပ်ချုပ်ရေးထုတ်ပြန်ရန် နေပြည်တော်၏စတင်ဆုံးဖြတ်ခဲ့မှုကို ထိုသို့လုပ်ဆောင်ခဲ့မှုအတွက် အာဏာပိုင်များမှ ရှင်းလင်းသောအကြောင်းပြချက်မပေးနိုင်ခဲ့၍ဟုဆိုကာဝေဖန်ပြောကြားခဲ့သည်။ သူမကအတတ်နိုင်ဆုံး ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ပါရန်လည်းတောင်းဆိုခဲ့သည်။

တဘက်သတ်တရားစွဲဆိုမှုများဆက်လက်ပြုလုပ်နေ

သမ္မတဦးသိန်းစိန်က "လူ့အသိုင်းအဝိုင်းအကြား အကြမ်းဖက်မှုများ" ဖြစ်ပေါ်စေရန်ကျူးလွန်သူအားလုံးကို တရားမျှတမှု ရှိအောင်အရေးယူသွားမည်ဟု ကတိပေးခဲ့သော်လည်း မွတ်စလင်များအားတရားစွဲဆိုမှုများဆက်တိုက်ဖြစ်ပေါ်နေစဉ်တွင် မကြာသေးခင်ကအကြမ်းဖက်မှုများနှင့် ဆက်နွယ်ပတ်သက်ခဲ့သည့်အတွက် မည်သည့်ဗုဒ္ဓဘာသာဝင်များကိုမျှ ပြင်းထန်သောရာဇဝတ်မှုကျူးလွန်မှုများဖြင့် တရားဝင်တရားစွဲဆိုခြင်းများကို အစိုးရမှမပြုလုပ်သေးပါ။ မေလ ၂၁ ရက်နေ့တွင် မန္တလေးတိုင်းမိတ္ထီလာမှတရားရုံး ၂ ခုတို့ ၌ မတ်လ ၂၀ ရက်နေ့က မိတ္ထီလာမှဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါးအား သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်သည့်အတွက် မွတ်စလင် ၇ ဦးအား ၂ နှစ်မှ ၂၈ နှစ်အထိထောင်ဒဏ်အသီးသီးချမှတ်လိုက်သည်။

အစိုးရ၏ ရိုဟင်ဂျာများအပေါ်ခွဲခြားဆက်ဆံမှုများဆက်လက်ဖြစ်ပွားနေ

ရခိုင်ပြည်နယ်မှမွတ်စလင်များ၏အခြေခံလူ့အခွင့်အရေးများအား သေချာစွာရရှိအောင် သူ၏အစိုးရမှလုပ်ဆောင်ပေးမည်ဟု သမ္မတဦးသိန်းစိန်က ကတိပေးခဲ့သော်လည်း အစိုးရသည်ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုများကိုဆက်လက်ပြုလုပ်နေပါသည်။

- **မေ ၁၇** - အစိုးရရွေးကောက်ပွဲကော်မရှင်က ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (DHRP) အား ၎င်း၏ရိုဟင်ဂျာအဖွဲ့ဝင် ၆ ယောက်ကိုထုတ်ပယ်ရန်အမိန့်ပေးခဲ့သည်ဟု သတင်းများရရှိခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံသားမဟုတ်သူများသည်နိုင်ငံရေးပါတီများတွင် ဝင်ရောက်ခွင့်တားမြစ်ထားသည့် တည်ဆဲဥပဒေကို ထိုအဖွဲ့ဝင် ၆ ဦးမှချိုးဖောက်ခဲ့သည့်အတွက်ဟု အကြောင်းပြခဲ့သည်။
- **မေ ၂၆** - ရခိုင်ပြည်နယ်မှအစိုးရအာဏာပိုင်များသည် ရိုဟင်ဂျာမိသားစုများတွင် ကလေး ၂ ယောက်ထက်ပိုမယူရဟူသောကာလရှည်ကြာစွာတည်ရှိနေသည့် တားမြစ်ချက်ကိုပြန်လည်အသက်ဝင်စေခဲ့သည်။ အစိုးရက ၁၉၉၄ ခုနှစ်တွင် စတင်သက်ရောက်စေခဲ့သော်လည်း မကြာသေးခင်နှစ်များကအထိ စနစ်တကျမပြဋ္ဌာန်းနိုင်ခဲ့သည့် ထိုတားမြစ်မှုအား မောင်းတောနှင့်ဘူးသီးတောင်မြို့နယ်များတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အစိုးရ၏ခွဲခြားဆက်ဆံလုပ်ဆောင်မှုအား ဒေါ်အောင်ဆန်းစုကြည်မှပြင်းထန်စွာဝေဖန်နေစဉ်တွင် သမ္မတဦးသိန်းစိန်က ရိုဟင်ဂျာများအပေါ်ခွဲခြားဆက်ဆံမှုများကို ဆိုးဝါးတိုးမြှင့်လာစေမည့်အန္တရာယ်ရှိလာနိုင်သောဖော်ပြပြောကြားချက်တော်တော်များများကိုပြုလုပ်ခဲ့သည်။

- **မေ ၆** - နိုင်ငံပိုင်ရုပ်မြင်သံကြားမှစကားပြောကြားရာတွင် သမ္မတဦးသိန်းစိန်က ရခိုင်လူထု၏မျှော်လင့်ချက်နှင့်လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည့်လုပ်ဆောင်မှုအားလုံးကို သူ၏အစိုးရမှလုပ်ဆောင်ပေးသွားမည်ဟု ပြောဆိုခဲ့သည်။ ဦးသိန်းစိန်က ရခိုင်ပြည်နယ်တွင်လုပ်ကိုင်နေကြသော အချို့နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများသည်အခြေအနေအား ပိုမိုဆိုးဝါးအောင်လုပ်ဆောင်နေခြင်းဖြစ်နိုင်ကြောင်းနှင့် ၎င်းတို့အနေဖြင့်ဒေသခံများ၏အကဲဆတ်မှု (ခံစားချက်၊ မျှော်လင့်ချက်) ကိုလည်းထည့်သွင်းစဉ်းစားသင့်ကြောင်း ပြောကြားခဲ့သည်။

- **မေ ၁၉** - ဝါရှင်တန်ပို့စ်သတင်းစာနှင့် အင်တာဗျူးရာတွင်သမ္မတဦးသိန်းစိန်က ရိုဟင်ဂျာများသည်မြန်မာနိုင်ငံ၏ဌာနေလူထု (တိုင်းရင်းသား) မဟုတ်ပါဟူသောအစိုးရ၏သဘောထားကို ထပ်မံပြောကြားလိုက်သည်။ ဦးသိန်းစိန်က ရိုဟင်ဂျာများအား ဆန့်ကျင်သည့်အစီအစဉ်များတွင် တပ်မတော်မပါဝင်နေသည် သို့မဟုတ် ထိုအစီအစဉ်များအားမသိဟန်ဆောင်ကာ လစ်လျူရှု့နေသည်ဆိုသည့် စွပ်စွဲမှုများအား "သိသာစွာလုပ်ကြံဖန်တီးထားမှုများ" အဖြစ်လည်းပယ်ချခဲ့သည်။
- **မေ ၂၇** - ဒေါ်အောင်ဆန်းစုကြည်က တမိသားစုကလေး၂ ယောက်ပေါ်လစီသည် ရိုဟင်ဂျာများအတွက်ခွဲခြားဆက်ဆံမှု၊ တရားမဝင်မှုသာဖြစ်ကာ လူ့အခွင့်အရေးစံနှုန်းများဖြင့်လည်းမကိုက်ညီကြောင်းပြောကြားလိုက်သည်။

ရိုဟင်ဂျာများအပေါ်ခွဲခြားဆက်ဆံမှုများနှင့်ပတ်သက်၍အစိုးရအား UN မှပြင်းထန်စွာဝေဖန်

- **မေ ၁** - ရခိုင်ပြည်နယ်မှ မငြိမ်မသက်မှုများအားစုံစမ်းဖော်ထုတ်ရန် တာဝန်ပေးအပ်ကာအစိုးရမှဖွဲ့စည်းပေးထားသောကော်မရှင်မှထုတ်ပြန်ခဲ့သည့် အစီရင်ခံစာနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ [*၂၀၁၃ ခု ဧပြီလ မြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အိုဂျေကွင်တားနားက အစီရင်ခံစာတွင် အရေးမယူနိုင်သောပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် မွတ်စလင်အသိုင်းအဝိုင်းအားပစ်မှတ်ထားထားသော အာဏာပိုင်များ၏ "စနစ်တကျကျယ်ပြန့်စွာပျံ့နှံ့ဖြစ်ပေါ်နေသောလူ့အခွင့်အရေးချိုးဖောက်မှုများ" အားသေချာစွာစုံစမ်းစစ်ဆေးရန်အကြံပြုချက်များ မပါလာခြင်းအပေါ်သူ၏ စိုးရိမ်ပူပန်မှုကိုဖော်ပြထားသည်။ အထူးကိုယ်စားလှယ်က ရခိုင်ပြည်နယ်တွင်မူဆလင်အသိုင်းအဝိုင်းများနှင့်ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများအကြား ခွဲခြားထားသည့်လက်ရှိမူဝါဒသည် အမြဲတမ်းအတည်ဖြစ်သွားနိုင်သည့်အပေါ်သူ၏ စိုးရိမ်ပူပန်မှုကိုလည်းဖော်ပြလိုက်သည်။ ထို့အပြင် မြန်မာနိုင်ငံရှိလူထုအားလုံးမှ နိုင်ငံသားဖြစ်ခွင့်ကိုတန်းတူရရှိနိုင်ရေးအတွက်သေချာမှုရှိစေနိုင်ရန် ၁၉၈၂ နိုင်ငံသားဖြစ်မှုဥပဒေအားပြန်လည်ပြင်ဆင်ပေးပါရန် သူ၏တောင်းဆိုချက်ကိုလည်း ထပ်မံတောင်းဆိုလိုက်သည်။
- **မေ ၃၀** - ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ဒုတိယပြောရေးဆိုခွင့်ရှိသူ Eduardo del Buey က ရခိုင်ပြည်နယ်တွင်ရိုဟင်ဂျာများအတွက် တမိသားစုလျှင်ကလေး ၂ ယောက်သာမွေးဖွားခွင့်ရှိသည်ဟူသောပေါ်လစီသည် ခွဲခြားဆက်ဆံသော လူ့အခွင့်အရေးချိုးဖောက်မှုတခုသာလျှင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။
- **မေ ၃၁** - ကမ္ဘာ့ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ်သောမတ်စ်အိုဂျေကွင်တားနားက ရခိုင်ပြည်နယ်တွင်ရိုဟင်ဂျာများအတွက် တမိသားစုလျှင်ကလေး ၂ ယောက်သာမွေးဖွားခွင့်ရှိသည်ဟူသော ပေါ်လစီသည် ရိုဟင်ဂျာများ၏အခြေခံလူ့အခွင့်အရေးကိုရော မြန်မာနိုင်ငံ၏နိုင်ငံတကာလူ့အခွင့်အရေးနှင့်ပတ်သက်၍တာဝန်ရှိမှုနှင့်ကတိကဝတ်များကိုပါ ချိုးဖောက်လိုက်သည့် ခွဲခြားဆက်ဆံသောပြင်းထန်သည့်လုပ်ဆောင်မှုတရပ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

မြန်မာနိုင်ငံဆိုင်ရာပြည်တွင်းသတင်းများ

ကချင်ပြည်နယ်တွင်အပစ်အခတ်ရပ်စဲမှုမရရှိသေး

နှစ်နှစ်နီးပါးတိုက်ပွဲများဆက်တိုက်ဖြစ်ပွားပြီးနောက် မကြာသေးမီက နောက်ဆုံးဆွေးနွေးပွဲများအထိ အစိုးရနှင့်ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့သည် အပစ်အခတ်ရပ်စဲရေးအဆင့်သို့မရောက်ရှိနိုင်ခဲ့ကြသေးပေ။ မေလ ၂၈ မှ ၃၀ ရက်နေ့တွင် သမ္မတရုံးဝန်ကြီးဦးအောင်မင်းဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့သည် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကိုယ်စားလှယ်အဖွဲ့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားတွင်တွေ့ဆုံခဲ့ကြသည်။ UN အထွေထွေအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးဗီဂျေနမ်ဗီးယား၊ တရုတ်သံရုံးမှအရာရှိနှစ်ဦးနှင့် ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC) မှကိုယ်စားလှယ်များကလေ့လာသူများအဖြစ်တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲနောက်ဆုံးနေ့တွင် နှစ်ဘက်စလုံးက အချက် ၇ ချက်ပါသသောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူညီချက်အရ နှစ်ဘက်စလုံးတို့သည် ရန်လိုအငြင်းပွားမှုများရပ်တန့်သွားရေးအတွက်လုပ်ဆောင်ရန်၊ နိုင်ငံရေးဆွေးနွေး

ပွဲပြုလုပ်ရန်၊ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းရန်၊ ပြည်တွင်းဒုက္ခသည်များအားပြန်လည်နေရာချထားရန်နှင့် တပ်များရွှေ့လျားမှုနှင့်စစ်စခန်းကိစ္စများအပေါ်ဆက်လက်ဆွေးနွေးသွားရန် ကတိပြုခဲ့ကြသည်။

ဆွေးနွေးပွဲများသို့ဦးတည်နေစဉ်မှာပင် အစိုးရတပ်များသည် KIA တို့အားထိုးစစ်များဆက်လက်ပြုလုပ်ခဲ့သည်။

- **မေ ၂** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်နေရာတော်တော်များများတွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **မေ ၃** - ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ်းချီမော်အနီးတွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။
- **မေ ၅** - ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ နမ်းချီမော်အနီးတွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။
- **မေ ၆** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် နဆန်ရွာအနီးတွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများဖြစ်ပွားခဲ့သည်။
- **မေ ၈** - ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် နမ်မန်ရွာတွင် အစိုးရတပ်များနှင့် KIA တို့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အစိုးရတပ်များမှ SSA-S နှင့် SSA-N တို့ကိုဆက်လက်ပစ်မှတ်ထား - အခြားအရပ်သား ၃၀၀၀ အိုးအိမ်များမှဖယ်ရှားခံရ

မေလတွင် ရှမ်းပြည်နယ်၌ ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) နှင့် ရှမ်းပြည်တပ်မတော် - မြောက်ပိုင်း (SSA-N) တို့၏စခန်းများအားအစိုးရတပ်များမှ ဆက်လက်ထိုးစစ်များဆင်နေသည့်အတွက် နောက်ထပ်အရပ်သားများသည် သူတို့၏အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။

- **မေ ၁** - ကျိုင်းတုံမြို့နယ်တွင် အစိုးရတပ်များနှင့် SSA-S တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **မေ ၂** - တန့်ယန်းမြို့နယ် လွိုင်ဇေတွင် အစိုးရတပ်များနှင့် SSA-N တပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **မေ ၅** - နမ့်ခမ်းမြို့နယ် တန်ခမ်းတွင် အစိုးရစစ်သားများက SSA-S စခန်းများအားဖျက်ဆီးခဲ့ကြသည်။
- **မေ ၉** - နမ့်ခမ်းမြို့နယ် နောင်မတွင် အစိုးရတပ်များက SSA-S တပ်များအားတိုက်ခိုက်ခဲ့ကြသည်။ ဒေသခံအယောက် ၃၀၀၀ ခန့်တို့သည် တိုက်ပွဲများမှလွတ်မြောက်နိုင်ရန် သူတို့၏အိမ်များမှထွက်ပြေးခဲ့ကြကာ တော်တော်များများတို့သည်တရုတ်ပြည်သို့ဖြတ်ကျော်ဝင်ရောက်ခဲ့ကြရသည်။

မေလ ၁၁ ရက်နေ့တွင် ရှမ်းပြည်နယ်တန့်ယန်းတွင် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် SSA-N ကိုယ်စားလှယ်အဖွဲ့များတွေ့ဆုံခဲ့ကြသည်။ ဆွေးနွေးပွဲ၏ရလာဒ်အဖြစ် ဘက်နှစ်ဘက်စလုံးသည် တပ်များ၏ရွှေ့လျားမှုကိုစောင့်ကြည့်ကြီးကြပ်ရန်၊ အရပ်သားများအပေါ်ဥပဒေမဲ့လုပ်ရပ်များအားရှောင်ကျဉ်ကြရန်နှင့် နောက်ထပ်မည်သည့်ပြဿနာအငြင်းပွားမှုအတွက်မဆို ညှိနှိုင်းအဖြေရာရန်အတွက်တွေ့ဆုံကြရန် စသည်တို့ကိုသဘောတူခဲ့ကြသည်။

တိုးမြင့်လာသောလူထုဆန့်ကျင်မှုများနှင့် ပဋိပက္ခများအကြားတွင် မရေရာမှုများနှင့်ရင်ဆိုင်လာကြရသည့် ပိုက်လိုင်းများ

အစိုးရတပ်များနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ဆက်လက်ဖြစ်ပွားနေသောလက်နက်ကိုင်ပဋိပက္ခများသည် ရှမ်းပြည်မြောက်ပိုင်းမှ ကျောက်ဖြူ-ကူမင်းရေနံနှင့်သဘာဝဓါတ်ငွေ့ အပြိုင်ပိုက်လိုင်းစီမံကိန်းအား အနောက်အယှက်အဖြစ်ခြိမ်းခြောက်လာခဲ့သည်။

- **မေ ၉** - ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ အပြိုင်ပိုက်လိုင်းမှ ၁ ကီလိုမီတာအကွာတွင်တည်ရှိသည့် ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) စခန်းများအား နမ့်ခမ်းမြို့နယ်မှအစိုးရတပ်များက ထိုးစစ်ဆင်ခဲ့ကြသည်။
- **မေ ၁၁** - အစိုးရတပ်များနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းမှ တိုင်းရင်းသားလက်နက်ကိုင်များအကြားတိုက်ပွဲများနှင့် အစိုးရတပ်များနှင့်ကချင်ပြည်နယ်မှ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြားပြင်းထန်သောတိုက်ပွဲများသည် ကျောက်ဖြူ-ကူမင်းပိုက်လိုင်းအားဖြတ်၍ မြန်မာနိုင်ငံမှတရုတ်ပြည်သို့ပထမဆုံး သဘာဝဓါတ်ငွေ့တင်ပို့မှုကို နှောင့်နှေးစေနိုင်လိမ့်မည်ဟု အစိုးရစွမ်းအင်ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတဦးကပြောကြားခဲ့သည်။

- **မေ ၁၃** - ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းတောင်ဘက်ရှိ ကျောက်ဖြူ-ကူမင်းရေနံနှင့်သဘာဝဓါတ်ငွေ့အပြိုင်ပိုက်လိုင်း အနီးရှိ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) ရုံးဝင်းအား အမည်မသိလက်နက်ကိုင်တစုက တိုက်ခိုက်ခဲ့ကြ ရာအရပ်သား ၂ ဦးသေဆုံးခဲ့ကြသည်။

တချိန်တည်းတွင်ပင် တက်ကြွလှုပ်ရှားသူများသည် ရခိုင်ပြည်နယ်မှကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့အပြိုင်ပိုက်လိုင်းတို့အား ဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများကိုဆက်လက်ပြုလုပ်ခဲ့ကြသည်။

- **မေ ၂** - ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ် ကျေးရွာ ၁၇ ရွာတို့မှရွာသားများနှင့် အောက်ခြေလူထုအဖွဲ့အစည်းများတို့ သည် ကျောက်ဖြူမြို့နယ်မှပြီးစီးလုနီးပါးရှိနေပြီဖြစ်သော ရေနက်ဆိပ်ကမ်း၏ဆိုးကျိုးသက်ရောက်မှုများနှင့်ပတ်သက် သည့် အချက် ၁၂ ချက်ပါကြေငြာချက်တစောင်ကိုထုတ်ပြန်ခဲ့ကြသည်။ ထိုကြေငြာချက်က ရေနက်ဆိပ်ကမ်းစီမံကိန်း အားရပ်ဆိုင်းကာ ထိုစီမံကိန်း၏သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတို့အပေါ်သက်ရောက်မှုများအား ပွင့်လင်းမြင်သာမှု ရှိရှိပြန်လည်သုံးသပ်မှုကို လုပ်ဆောင်ပါရန် မြန်မာအစိုးရနှင့် တရုတ်အစိုးရပိုင်တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) တို့ကိုတိုက်တွန်းထားသည်။
- **မေ ၂၂** - ရှမ်းပြည်နယ်မြောက်ပိုင်းမှအစိုးရတပ်များ၏ မေ ၉ ရက်နေ့ထိုးစစ်များအပြီးတွင် ကျောက်ဖြူ-ကူမင်းပိုက် လိုင်းစီမံကိန်းအား ချက်ချင်းရပ်တန့်ပေးပါရန် သမ္မတဦးသိန်းစိန်အားတောင်းဆိုသည့် ပူးတွဲကြေငြာချက်တစောင်ကို ရှမ်းလူထုအခြေပြုအဖွဲ့အစည်း ၇ ခုတို့ကတောင်းဆိုခဲ့ကြသည်။

လယ်သမားများ ဖမ်းဆီးတရားစွဲခံရ

အာဏာပိုင်များကသိမ်းယူထားသောမြေယာများအတွင်း ဝင်ရောက်စိုက်ပျိုးခဲ့သောလယ်သမားများနှင့် မြေသိမ်းယူမှုများ အတွက်ဆန္ဒပြခဲ့ကြသောလယ်သမားများအား အစိုးရကဖမ်းဆီးကာရာဇဝတ်မှုများအဖြစ်သတ်မှတ်၍တရားစွဲဆိုမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

- **မေ ၇** - အာဏာပိုင်များထံကြိုတင်ခွင့်ပြုချက်မယူပဲ မြေယာသိမ်းဆည်းမှုများအားဆန့်ကျင်ဆန္ဒပြမှုများကို ဇန်နဝါရီလ ကတည်းက ဆက်တိုက်ပြုလုပ်ခဲ့သည့်အတွက် လယ်သမားနှစ်ဦးအား ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်မှ အစိုးရအာဏာ ပိုင်များက ငြိမ်းချမ်းစွာစုရုံးခွင့်နှင့်ဆန္ဒပြခွင့်ဥပဒေအရ တရားစွဲဆိုလိုက်သည်။
- **မေ ၁၆** - ၎င်းတို့ထံမှ ရေတပ်ကသိမ်းယူထားသောလယ်မြေများအတွင်း ဝင်ရောက်ထွန်ယက်စိုက်ပျိုးခဲ့သည့်အတွက် လယ်သမား ၅ ဦးအားရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်မှအစိုးရအာဏာပိုင်များက ပိုင်နက်ကျူးလွန်မှုပုဒ်မများဖြင့်တရား စွဲဆိုခဲ့သည်။
- **မေ ၂၄** - ၎င်းတို့ထံမှစစ်တပ်ကသိမ်းယူခြင်းခံခဲ့ရသော လယ်မြေများအတွင်းဝင်ရောက်ထွန်ယက်စိုက်ပျိုးခဲ့သည့်အ တွက် မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်မှအစိုးရအာဏာပိုင်များက လယ်သမား ၆ ဦးအားဖမ်းဆီးခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းခြိမ်းခြောက်မှုလျော့နည်းသွား - အစိုးရ၏ရွှေ့ပြောင်းရန်ကြိုးပမ်းမှုက ရိုဟင်ဂျာများ၏စိုးရိမ်မှုကို နိုးဆွပေး

အဆင့် ၂ ရှိဆိုင်ကလုန်းမုန်တိုင်း "မဟာစင်"က မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှကမ်းခြေနေလူထုအား ခြိမ်းခြောက်ခဲ့သည့် အတွက် မေလ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာအရေးကိစ္စများပူးပေါင်းဆောင်ရွက်ရေးရုံး (OCHA) ကငြင်းတို့၏စိုးရိမ်ပူပန်မှုကိုဖော်ထုတ်ပြောကြားခဲ့သည်။ OCHA ကရခိုင်ပြည်နယ်မှ ပြည်တွင်းဒုက္ခသည် ၁၄၀၀၀၀ နီးပါးတို့အတွက် စိုးရိမ်ပူပန်မှုကိုအဓိကထုတ်ဖော်ပြောကြားခဲ့ကာ သူတို့ထဲမှတော်တော်များများမှာ မြေနိမ့် ပိုင်းမှခိုလှုံရာများတွင်နေထိုင်နေကြရသူများဖြစ်ပါသည်။

မေလ ၁၂ ရက်နေ့တွင် အစိုးရအာဏာပိုင်များက ရခိုင်ပြည်နယ်မှဒေသခံများနှင့်ပြည်တွင်းဒုက္ခသည်များအား အရေးပေါ် ခိုလှုံရန်နေရာများနှင့်ပိုမိုလုံခြုံသည့်နေရာများသို့ စတင်ပြောင်းရွှေ့ပေးခဲ့သည်။ အစိုးရ၏အဆိုအရ ရခိုင်ပြည်နယ်မှဒေသ ခံနှင့်ပြည်တွင်းဒုက္ခသည် ၁၂၀၀၀၀ နီးပါးခန့်အားပြောင်းရွှေ့နေရာချပေးခဲ့သည်ဟုဆိုသည်။ သို့သော်လည်းအစိုးရ

အာဏာပိုင်များအားမယုံကြည်သည့်အတွက် ရိုဟင်ဂျာဒုက္ခသည်ထောင်ပေါင်းများစွာတို့သည် ထိုသို့ပြောင်းရွှေ့ရန် တုံ့ဆိုင်းနေခဲ့ကြသည်။ မေလ ၁၅ ရက်နေ့တွင် စစ်တွေမြို့ဒုက္ခသည်စခန်းများမှရိုဟင်ဂျာဒုက္ခသည်များသည် မြို့ပြင်မှ စစ်တပ်စခန်းသို့ ပြောင်းရွှေ့ရန်ငြင်းဆန်ခဲ့ကြကာ အစိုးရကထိုသို့မရွှေ့ပြောင်းခဲ့သူများကိုခြိမ်းခြောက်သည့်လုပ်ရပ်များ ပြုလုပ်ခဲ့သည်။ ထို့အပြင်မေလ ၁၃ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်းမတိုင်ခင်ရွှေ့ပြောင်းပေးရန်အတွက် ရိုဟင်ဂျာ ဒုက္ခသည်များအားသယ်ဆောင်လာသည့်လှေ ၇ စီးအနက်တစီးသည် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အလွန်တွင် နစ်မြုပ်ခဲ့ရာ ရိုဟင်ဂျာ ၅၈ ဦးပျောက်ဆုံးနေခဲ့၍ ရေနစ်သေဆုံးသွားသည်ဟုယူဆရပါသည်။ ရိုဟင်ဂျာဒုက္ခသည် ၄၂ ဦး ကိုသာကယ်ဆယ်နိုင်ခဲ့ပါသည်။

မေလ ၁၆ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်းသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တောင်ဘက်ကမ်းရိုးတန်းမှကုန်းတွင်းသို့ ဝင်ရောက်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်း၍လေပြင်းထန်စွာတိုက်ခတ်ခဲ့သော်လည်း ရခိုင်ပြည်နယ်သည်မုန်တိုင်းဒါဏ် မှကင်းလွတ်ခဲ့သည်။ မေလ ၁၇ ရက်နေ့တွင် ရွှေ့ပြောင်းပေးခြင်းခံခဲ့ရသူများသည် သူတို့၏အိမ်များ၊စခန်းများသို့စတင်၍ ပြန်လည်ထွက်ခွါခဲ့ကြသည်။ သို့သော်လည်း ဒုက္ခသည်စခန်းများမှအများစုသည် ကြောက်မက်ဖွယ်ရာအခြေအနေတွင်ရှိ နေသည်ဟု အကူအညီပေးရေးအေဂျင်စီများမှလည်းသတိပေးထားသလို မေ-စက်တင်ဘာ မိုးရာသီအတွင်းပြင်းထန်စွာ ရေကြီးနိုင်ချေရှိနေမှုတို့ကြောင့်လည်း ဒုက္ခသည်များမှာဆိုးဝါးစွာထိလွယ်ရှလွယ်ဖြစ်သည့်အခြေအနေတွင်ပင်ရှိနေပါ သေးသည်။

လူ့အခွင့်အရေးဆိုင်ရာ

နိုင်ငံရေးအကျဉ်းသားများ - ၁၉ ယောက်လွတ် ၁၆၄ ယောက်ထောင်ထဲတွင်ရှိနေသေး

ဦးသိန်းစိန်၏အကျဉ်းသားလွတ်ပေးမှုများ		
နေ့စွဲ	အကျဉ်းသားအားလုံးပေါင်း	နိုင်ငံရေးအကျဉ်းသားများ
16 May 11	14,578	58
12 Oct 11	6,359	240
4 Jan 12	6,656	36
13 Jan 12	651	302
3 Jul 12	80	25
17 Sep 12	514	88
15 Nov 12	452	0
16 Nov 12	66	51
23 Apr 13	93	59
17 May 13	23	19
Total	**29,472**	**878**

သတင်းအရင်းအမြစ်: NLM; AAPP

မေလတွင် အစိုးရသည်၎င်းတို့၏ နေးကွေး၍အကွက်ကျကျအချိန်ကိုက်ထားသည့် နိုင်ငံရေးအကျဉ်းသားလွတ်ပေးမှုကို ဆက်လက်ပြုလုပ်ခဲ့သည်။ ဦးသိန်းစိန်၏ဝါရှင်တန်သို့သွားရောက်မှုမတိုင်ခင်မေလ ၁၇ ရက်နေ့တွင် ပေးခဲ့သောလွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် အကျဉ်းသား ၂၃ ဦးအားအစိုးရမှလွှတ်ပေးခဲ့သည်။ ထိုသို့လွှတ်ပေးလိုက်သူများထဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့ဝင် ၈ ဦး၊ ကရင်တက်ကြွလှုပ်ရှားသူ ၁ ဦး နှင့်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၁ ပါးတို့အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၉ ဦးပါဝင်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ၏အဆိုအရ အနည်းဆုံးနိုင်ငံရေးအကျဉ်းသား ၁၆၄ ဦးအကျဉ်းထောင်များထဲတွင်ကျန်ရှိနေသေးသည်ဟုသိရသည်။ ထိုအရေအတွက်ထဲတွင် မတရားအသင်းဥပဒေနှင့် ဖမ်းဆီးထားသော ကချင်အရပ်သားဒါဇင်ပေါင်းများစွာနှင့် ရခိုင်ပြည်နယ်မှလူမျိုးဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများနှင့်ဆက်စပ်၍ ဖမ်းဆီးထားသည့် ရိုဟင်ဂျာရာပေါင်းများစွာတို့ မပါဝင်သေးပေ။

ထို့အပြင် သမ္မတဦးသိန်းစိန်သည်နောက်တခါထပ်မံ၍ နိုင်ငံရေးအကျဉ်းသားများအား ရာဇဝတ်မှုလုပ်ထုံးဆိုင်ရာဥပဒေ၏ အပိုင်း ၄၀၁ (၁) အရသာချွင်းချက်ဖြင့်လွှတ်ပေးခြင်းဖြစ်ပါသည်။ ရလဒ်အနေဖြင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ သည် နောက်တကြိမ်ရာဇဝတ်မှုကျူးလွန်ခဲ့ပါက သူတို့၏မူလစီရင်ချက်ထောင်သက်တမ်းမှ ကျခံရန်ကျန်ရှိနေသေးသည့် ကြွေးကျန်ကို ထပ်မံကျခံရန်အစိုးရမှအမိန့်ပေးနိုင်ပါသည်။ မေလ ၇ ရက်နေ့တွင် ရဲများအားအသရေပျက်စေမှု (ပုတ်ခတ် ပြောဆိုမှု) ဖြင့်တရားစွဲခံရကာ ထောင်ဒါဏ် ၃လ ကျခံရန် သို့မဟုတ် ငွေဒါဏ် ၂ သောင်းကျပ် (အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာ) ပေးဆောင်ရန် မေလ ၂ ရက်နေ့တွင်စီရင်ခြင်းခံရမှုကြောင့် တက်ကြွလှုပ်ရှားသူကိုနေမျိုးဇင်အား ပေးအပ်ထားသည့်လွတ်ငြိမ်းချမ်းသာခွင့်အား ပြန်လည်ရုတ်သိမ်းခဲ့သည်။ ၂၀၁၁ ခုနှစ်ကပစ်မှုအားအခြေခံသောသူ၏အရင်ကစီရင်ချက် ထောင်ဒါဏ် ၆ နှစ်ကိုပြန်လည်ပေါင်းစည်းကျခံစေရန် ကိုနေမျိုးဇင်အားအမိန့်ချမှတ်ခဲ့သည်။ သို့သော် သူ့အားမေလ ၁၇ ရက်လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လွှတ်ပေးခဲ့သည်။

တပ်မတော်သည်ကလေးစစ်သားများအားစုဆောင်းနေဆဲ

မေလ ၁ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဘန်ကီမွန်းက မြန်မာနိုင်ငံမှလက်နက်ကိုင်ပဋိပက္ခနှင့် ကလေးများတို့ဖြင့် ပတ်သက်သောအစီရင်ခံစာတစုကို UN လုံခြုံရေးကောင်စီသို့တင်ပြခဲ့သည်။ ၂၀၀၉ ခု ဧပြီလ ၁ ရက်နေ့မှ ၂၀၁၃ ခု ဇန်နဝါရီလ ၃၁ ရက်အထိကို တင်ပြထားသော ထိုအစီရင်ခံစာ၏အဓိကတွေ့ရှိချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ၂၀၁၂ ခုနှစ်တွင် တပ်မတော်၏အရွယ်မရောက်သေးသူများအားစစ်သားအဖြစ် စုဆောင်းမှု ၃၂ မှုသတင်းများရရှိခဲ့သည်။ အနည်းဆုံး ၁၂ မှုမှာ အစိုးရနှင့် UN တို့ ၂၀၁၂ ခုဇွန်လတွင်တပ်မတော်၏ ကလေးစစ်သားစုဆောင်းမှုကိုကာကွယ်ရန်အတွက် လုပ်ဆောင်မှုအစီအစဉ်အားလက်မှတ်ထိုးပြီးနောက်ပိုင်းတွင်ဖြစ်ပါသည်။
- တပ်မတော်သည် ရှေ့တန်းတာဝန်များအတွက် အရွယ်မရောက်သေးသူများအား စစ်သားအဖြစ်စုဆောင်းမှုကို ဆက်လက်ပြုလုပ်ခဲ့သည်။
- ဆယ်တန်းအောင်မြင်ပြီး အသက် ၁၆ နှစ်ပြည့်သည့်ကလေးများအား စစ်သားအဖြစ်စုဆောင်းရန်ခွင့်ပြုသည့် ချွင်းချက်ကိုဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ၂၀၁၂ခု ဇွန်လ လုပ်ဆောင်မှုအစီအစဉ်အား တပ်မတော်မှဆက်လက်၍အားလျော့အောင်ပြုလုပ်ခဲ့သည်။

စာနယ်ဇင်းနှင့်ဘာသာရေးလွတ်လပ်ခွင့်များ ကန့်သတ်ခံနေရဆဲ

မေလတွင် အစိုးရမှစာနယ်ဇင်းနှင့်ဘာသာရေးလွတ်လပ်ခွင့်များအပေါ် ပြင်းထန်စွာကန့်သတ်မှုများဆက်လက် ထားရှိထားဆဲဖြစ်ကြောင်းကို အစီရင်ခံစာ ၂ စောင်အရသိရှိရပါသည်။

- **မေ ၁** - Freedom House (လွတ်လပ်ခြင်းအိမ်) အဖွဲ့မှ "စာနယ်ဇင်းလွတ်လပ်ခွင့်" အမည်ရှိ ၎င်း၏နှစ်စဉ်အစီရင်ခံစာကိုထုတ်ပြန်ခဲ့ရာ ထိုအစီရင်ခံစာက မြန်မာနိုင်ငံ၏စာနယ်ဇင်းအဆင့်ကို "မလွတ်လပ်" အဆင့်အဖြစ်သတ်မှတ်ခဲ့သည်။ ထိုအစီရင်ခံစာက ပြည်တွင်းစာနယ်ဇင်းကဏ္ဍအပေါ်အစိုးရမှ သိသိသာသာထိန်းချုပ်ထားမှု၊ အီလက်ထရောနစ်စာနယ်ဇင်းကဏ္ဍအတွက် ထိုးဖောက်ဝင်ရောက်နိုင်မှုနှုန်းနိမ့်ကျနေခြင်းနှင့် ဖိနှိပ်သည့်ဥပဒေများ၏ သက်ရောက်မှုများရှိနေဆဲဖြစ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံသည်အာရှတွင်အဖိနှိပ်ဆုံးနိုင်ငံများထဲမှတခုအဖြစ်ကျန်ရှိနေဆဲဖြစ်ပါသည်ဟုဆိုသည်။
- **မေ ၂၀** - အမေရိကန်နိုင်ငံခြားရေးဌာနမှ "နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်အပေါ် အစီရင်ခံစာ၊ ၂၀၁၂" ကိုထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစိုးရ၏ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်သော လေးစားလိုက်နာမှုသည် ၂၀၁၂ ခုနှစ်ထဲတွင်သိသိသာသာမပြောင်းလဲခဲ့ပါဟု အစီရင်ခံစာကဖော်ပြထားပါသည်။ ရခိုင်ပြည်နယ်မှမွတ်စလင်များအား ပစ်မှတ်ထားတိုက်ခိုက်သည့်အကြမ်းဖက်မှုများတွင် အစိုးရအာဏာပိုင်များပါဝင်ခဲ့သည်ဟု အစီရင်ခံစာ ကမှတ်ချက်ပေးထားပါသည်။ ထို့အပြင် အစိုးရသည်ဘာသာရေးလှုပ်ရှားမှုများအပေါ်တွင် ကန့်သတ်မှုများထားရှိထားကာ ဘာသာရေးအဖွဲ့အစည်းများ၏ လွတ်လပ်စွာဖော်ထုတ်ခွင့်၊ ဖွဲ့စည်းခွင့်နှင့်စုရုံးခွင့်များကိုလည်း ကန့်သတ်ထားပါသည်ဟုထိုအစီရင်ခံစာကပြောကြားထားသည်။

အိုးအိမ်မှဖယ်ရှားခံရခြင်းများ

ရေနစ်သေဆုံးသောရိုဟင်ဂျာလေ့စီးဒုက္ခသည်များပိုမိုများပြားလာ - ဘင်္ဂလားဒေ့ရှ်မှဆက်လက်မောင်းထုတ်ဆဲ

မြန်မာနိုင်ငံ၏ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးရန်ကြိုးစားသောရိုဟင်ဂျာလေ့စီးခရီးသည်များသည် ပင်လယ်ထဲတွင်ရေနစ်သေဆုံးမှုများဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင်ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များကလည်း ရိုဟင်ဂျာများအားပြန်လည်မောင်းထုတ်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိပါသည်။

- **မေ ၁၆**-၁၇ - ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များနှင့် တက်ခ်နက်ဖ် ဒေသခံများတို့သည် မလေးရှားအားလှေဖြင့်သွားရောက်ရန်ကြိုးပမ်းခဲ့သည့် ရိုဟင်ဂျာ ၃၂ ဦးတို့၏အလောင်းများအားပြန်လည်တွေ့ရှိခဲ့ကြသည်။
- **မေ ၁၉** - ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့ဝင်များသည် တက်ခ်နက်ဖ် ရှာပူရီဒစ်ရှိနယ်စပ်တွင် ရိုဟင်ဂျာ ၂၄ ယောက်အားပြန်လည်မောင်းထုတ်ခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

အိုဘားမားမှဦးသိန်းစိန်အားတွေ့ဆုံ - မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများအားရပ်တန့်ရန်ပြောဆို

မေလ ၁၈ ရက်တွင် သမ္မတဦးသိန်းစိန်သည် လေးရက်တာခရီးစဉ်အတွက် ဝါရှင်တန်သို့ရောက်ရှိခဲ့သည်။ ထိုခရီးစဉ်အတွင်းတွင် ဦးသိန်းစိန်သည် အမေရိကန်သမ္မတဘားရက်အိုဘားမား၊ ကွန်ကရက်လွှတ်တော်အမတ်များ၊ ကမ္ဘာ့ဘဏ်ဥက္ကဌဂျင်ယွန်ကင်မ်၊ အမေရိကန်ကုန်သွယ်ရေးဌာနမှအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်းဟီလာရီကလင်တန်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

အိမ်ဖြူတော်၌ မေလ ၂၀ ရက်နေ့တွေ့ဆုံမှုအတွင်းတွင် အိုဘားမားနှင့်ဦးသိန်စိန်တို့သည်နိုင်ငံရေးအကျဉ်းသားကိစ္စ၊ ဆက်လက်ဖြစ်ပွားနေသောတိုင်းရင်းသားနှင့်လူမျိုးဂိုဏ်းဂဏအခြေခံပဋိပက္ခများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အမေရိကန်၏ဖွံ့ဖြိုးရေးအကူအညီများထောက်ပံ့မှုနှင့် မြန်မာနိုင်ငံရဲနှင့်စစ်တပ်တို့အားအကူအညီပေးရေးစသည့်ကိစ္စများကိုဆွေးနွေးခဲ့ကြသည်။ အိုဘားမားက ဦးသိန်းစိန်အားမြန်မာနိုင်ငံမှ မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများအား ရပ်တန့်ရန်လိုအပ်ပြီး သူတို့၏အခွင့်အရေးနှင့်ဂုဏ်သိက္ခာတို့အားအရှည်သဖြင့်အသိအမှတ်ပြုရမည်ဟု ပြောကြားခဲ့သည်။

ဦးသိန်းစိန်၏ခရီးစဉ်အတွင်း အမေရိကန်နှင့်မြန်မာနိုင်ငံအကြားသဘောတူညီချက်များနှင့်စတင်လုပ်ဆောင်မှုအမျိုးမျိုးတို့ကိုကြေငြာခဲ့သည်။

- **မေ ၂၀** - မြန်မာ-အမေရိကန်ကုန်သွယ်ရေးကောင်စီက မြန်မာနိုင်ငံနှင့်အမေရိကန်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုဆက်ဆံရေးများကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ဝါရှင်တန်၊ နယူးယောက်နှင့်ရန်ကုန်တို့တွင်ရုံးများဖွင့်လှစ်လိုက်သည်ဟုကြေငြာခဲ့သည်။
- **မေ ၂၀** - အစိုးရစွမ်းအင်ဝန်ကြီးဦးသန်းဌေးနှင့် အမေရိကန် နိုင်ငံတကာစွမ်းအင်ရေးရာအထူးကိုယ်စားလှယ်နှင့်ညှိနှိုင်းရေးမှူး Carlos Pascual တို့တွေ့ဆုံခဲ့ရာတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ စီမံအုပ်ချုပ်ရေးနှင့်စောင့်ကြည့်ကြီးကြပ်ရေးတို့၌ နိုင်ငံတကာ၏အကောင်းဆုံးလုပ်ဆောင်မှုများအား အစိုးရမှအကောင်အထည်ဖော်ရာတွင် အထောက်အပံ့အဖြစ်နည်းပညာအကူအညီများပံ့ပိုးသွားရန် အမေရိကန်တို့မှသဘောတူခဲ့သည်။
- **မေ ၂၁** - အစိုးရကုန်သွယ်ရေးဒုတိယဝန်ကြီးဦးပွင့်စန်းနှင့် အမေရိကန်ယာယီကုန်သွယ်ရေးကိုယ်စားလှယ် Demetrios Marantis တို့သည် ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုကိစ္စများအပေါ် လုပ်ဆောင်နေသည့်ညှိနှိုင်းရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့အားကူညီဆောင်ရွက်ပေးမှုကိုအဓိကထား၍ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှုသဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်က ပြည်ဝင်ခွင့်ဗီဇာအရေးယူပိတ်ဆို့မှု ကိုဖယ်ထုတ်ပေးခဲ့သော်လည်း ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုကိုမူထပ်မံတိုးမြှင့်ခဲ့

သမ္မတဦးသိန်းစိန်ဝါရှင်တန်သို့မလာရောက်ခင် မေလစောစောပိုင်းတွင် အမေရိကန်ကမြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများကိုပြန်လည်သုံးသပ်ပြင်ဆင်ပေးခဲ့သည်။ မေလ ၂ ရက်နေ့တွင် အမေရိကန်အစိုးရက မြန်မာအစိုးရအရာရှိများ၊ သူတို့၏မိသားစုများ၊ အစိုးရနှင့်ပူးပေါင်းလုပ်ကိုင်နေသောစီးပွားရေးလုပ်ငန်းရှင်များ (ခရိုနီများ) တို့အပေါ်ပြည်ဝင်ခွင့်ဗီဇာပေးခြင်းမှတားမြစ်ထားခြင်းကို ဖယ်ရှားပေးခဲ့သည်။ သို့သော်လည်း ထိုနေ့တွင်ပင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမျိုးသားအရေးပေါ်အက်ဥပဒေ (National Emergency Act) ကိုနောက်ထပ်တနှစ်သက်တမ်းထပ်တိုးလိုက်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ကြေငြာခဲ့သည်။ ထိုဥပဒေက အမေရိကန်ကုမ္ပဏီများအား မြန်မာနိုင်ငံမှနာမည်ပျက်စာရင်းသွင်း

ထားခြင်းခံရသောအုပ်စုများ၊ စစ်အုပ်စုပိုင်ကုမ္ပဏီများနှင့်စီးပွားရေးလုပ်ကိုင်ခြင်းကို တားမြစ်ထားခြင်းကဲ့သို့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ကျန်ရှိနေသေးသော ပိတ်ဆို့မှုများအားဆက်လက်လုပ်ဆောင်ရန်ခွင့်ပြုထားပါသည်။

ဂျပန်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေ

မေလ ၂၄ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဂျပန်မှထိပ်တန်းစီးပွားရေးခေါင်းဆောင် ၄၀ ဦးလိုက်ပါလျက် မြန်မာပြည်တွင်သုံးရက်တာ လည်ပတ်ရန်ရောက်ရှိလာခဲ့သည်။ ထိုခရီးစဉ်သည် စီးပွါးရေးအရဆက်ဆံမှုကိုမြှင့်တင်ရန်နှင့်မြန်မာပြည်တွင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းအသစ်များရရှိရန် လုံးဝနီးပါးအဓိကထားထားခြင်းဖြစ်သည်။ သူ၏ခရီးစဉ်အတွင်းတွင် အာဘေးသည်သမ္မတဦးသိန်းစိန်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့ကို သီးခြားစီတွေ့ဆုံခဲ့ကာ ရန်ကုန်တိုင်းမှ သီလဝါအထူးစီးပွားရေးဇုံ (SEZ) သို့လည်းသွားရောက်ကြည့်ရှုခဲ့သည်။ အာဘေး၏ခရီးစဉ်အတွင်းတွင် သဘောတူညီချက်တော်တော်များများကိုလက်မှတ်ရေးထိုးခဲ့သည်။

- **မေ ၂၅** - သီလဝါအထူးစီးပွားရေးဇုံ (SEZ) ဖွံ့ဖြိုးရေးစီမံကိန်းနားလည်မှုစာချွန်လွှာအား မြန်မာကုမ္ပဏီ ၉ ခုနှင့် ဂျပန်နိုင်ငံမှမစ်ဆူဘီရှီ၊ မာရူဘီနီ၊ ဆူမီတိုမို ကုမ္ပဏီများတို့ ရန်ကုန်မြို့တွင်လက်မှတ်ရေးထိုးခဲ့သည်။
- **မေလ ၂၆** - လမ်းများဆောက်လုပ်ရန်၊ လျှပ်စစ်ထုတ်လုပ်ရန်၊ ရေပေးဝေရန်နှင့်သီလဝါအထူးစီးပွားရေးဇုံဖွံ့ဖြိုးရေးတို့အတွက် မြန်မာနိုင်ငံအားချေးငွေ ယန်း ၅၁ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၅၀၀) ချေးပေးရန်ဂျပန်နိုင်ငံမှသဘောတူခဲ့သည်။ ရန်ကုန်မြို့တွင်ရေကြီးကြပ်စီမံမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အတွက် ချေးငွေ ယန်း ၂.၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂.၅ သန်း) ကိုလည်းထုတ်ချေးပေးခဲ့သည်။ ထို့အပြင် ဂျပန်အားပေးဆပ်ရန်ကျန်ရှိနေသည့်ကြွေးကျန် ယန်း ၁၈၈.၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁.၈၅ ဘီလီယံ) ကိုလည်းကြွေးလျှော်ပေးလိုက်သည်ဟု ဂျပန်အစိုးရကကြေငြာခဲ့သည်။

မေလ ၂၆ ရက်နေ့တွင်ထုတ်ပြန်ခဲ့သောပူးတွဲကြေငြာချက်တွင် မြန်မာအစိုးရနှင့်ဂျပန်အစိုးရတို့သည် နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့်ဒေသတွင်းလုံခြုံရေးကိစ္စများအားညှိနှိုင်းဆွေးနွေးမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန်တို့ကိုလည်း ကတိပြုခဲ့ကြသည်။

စီးပွားရေး

အရင်းအမြစ်များစီမံကြီးကြပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံအားနောက်ဆုံးအဆင့်သတ်မှတ်ခံရ

မေလ ၁၆ ရက်နေ့တွင် အမေရိကန်အခြေစိုက် အခွန်ငွေစည်းကြပ်မှုစောင့်ကြည့်ရေးအင်စတီကျု့က ၎င်းတို့၏ "၂၀၁၃ခုနှစ်အရင်းအမြစ်စီမံကြီးကြပ်မှုအညွှန်း" ကိုထုတ်ပြန်ခဲ့သည်။ အရင်းအမြစ်ပေါများသောနိုင်ငံ ၅၈ နိုင်ငံတို့မှ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍတို့၏ အရည်အသွေးများကိုတိုင်းတာသော ထိုအညွှန်းသည် မြန်မာနိုင်ငံအားအရင်းအမြစ်စီမံကြီးကြပ်မှုရှု့ထောင့်အရ နောက်ဆုံးအဆင့်အဖြစ်သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအားထိုအဆင့်သတ်မှတ်ရခြင်းသည်အောက်ပါအချက်အလက်များကြောင့်ဖြစ်ပါသည်။

- အရင်းအမြစ်ထုတ်နုတ်အသုံးချရေးကဏ္ဍအား စီမံကြီးကြပ်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်ရရှိနိုင်မှုမရှိသလောက်ဖြစ်ခြင်း။
- အရင်းအမြစ်ထုတ်နုတ်အသုံးချရေးကဏ္ဍများနှင့် ဆက်စပ်သည့်စီမံကိန်းများမှ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဘဝတို့အပေါ်သက်ရောက်မှုများအား ဆန်းစစ်လေ့လာမှုများလုပ်ဆောင်ရန် မလိုအပ်ခြင်း။
- အရင်းအမြစ်ထုတ်နုတ်အသုံးချရေးကဏ္ဍတွင် ခြစားမှုများ များပြားခြင်းနှင့် အစိုးရသည်အရင်းအမြစ်မှရရှိသော အခွန်ငွေများအား အရာရှိတချို့၏နိုင်ငံခြားဘဏ်စာရင်းများထဲသို့ လမ်းလွှဲရောက်ရှိနေစေခြင်း။
- အာဏာပိုင်များအား ကျယ်ပြန့်သောတဦးတည်းဆုံးဖြတ်ချင်သလိုဆုံးဖြတ်ပိုင်ခွင့်အား အပ်နှင်းထားကာ သူတို့၏ဆုံးဖြတ်ချက်များအားထပ်မံအယူခံဝင်မပြင်ဆင်နိုင်ခြင်း။

- အရင်းအမြစ်ထုတ်နုတ်အသုံးချရေးကဏ္ဍနှင့်ပတ်သက်၍ လွှတ်တော်တွင်ရှင်းလင်းသောထိန်းကျောင်းကြီးကြပ်မှုအခန်းကဏ္ဍမရှိခြင်း။

ရင်းနှီးမြှုပ်နှံမှုအတွက်အတားအဆီးများရှိနေဆဲ

၂၀၁၃ခုနှစ်တွင် တိုင်းပြည်၏အလားအလာကို စူးစမ်းလေ့လာရန်အတွက် အဆောတလျင်ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူပမာဏ မြင့်တတ်လာခဲ့သော်လည်း ကုမ္ပဏီအရေအတွက် အနည်းငယ်သာ မြန်မာပြည်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)မှ ဇန်နဝါရီလမှဧပြီလအတွင်း ကုမ္ပဏီ ၃၃ ခုကိုသာ လိုင်စင်များချထားပေးခဲ့သည်ဟု မေလ ၁၃ရက်နေ့တွင် သတင်းရရှိခဲ့သည်။ ထိုကုမ္ပဏီများ အနက် ၁၅ ခုမှာအထည်ချုပ်လုပ်ငန်းများဖြစ်သည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများစွာတို့က မြန်မာနိုင်ငံ၏အားနည်းသောအခြေခံအဆောက်အအုံများသည် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုအတွက် အဓိကအတားအဆီးတစ်ခုဖြစ်နေသည်ဟု ဖော်ပြပြောဆိုကြသည်။ ခြောက်သွေ့ရာသီတွင် မလုံလောက်သောရေအားလျှပ်စစ်ထုတ်လုပ်မှုကြောင့် မေလ၆ရက်မှစတင်ကာ ရန်ကုန်နှင့်မန္တလေးပြင်ပရှိ စက်မှုဇုန်များသို့ လျှပ်စစ်ပေးဝေမှုရပ်တန့်ရန် အစိုးရအာဏာပိုင်များ၏ဆုံးဖြတ်မှုသည် ထိုစိုးရိမ်ပူပန်မှုများအတွက် သက်သေအထောက်အထားဖြစ်စေခဲ့သည်။ စက်ရုံများသည် ဒီဇယ်ဆီနှင့်မောင်းရသည့် မီးစက်များအားလျှပ်စစ်ဓါတ်အားရရှိရန် အသုံးပြုရသည့်အတွက်ရလဒ်အနေဖြင့်ကုန်ထုတ်လုပ်သူများမှာ ထုတ်လုပ်မှု စရိတ်လွန်စွာမြင့်တတ်သွားမှုကို ရင်ဆိုင်ကြရတော့သည်။

ရန်ကုန်မှဆန္ဒပြမှုများ

- **မေ ၁၁** - ရန်ကုန် လှိုင်သာယာမြို့နယ် ဟုပ်စိန်စက်ရုံမှ အလုပ်သမား ၈၀ တို့သည် လုပ်ခလစာနည်းပါးခြင်းနှင့် အလုပ်ချိန်ရှည်လျားခြင်းတို့ကြောင့် ဆန္ဒပြမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည်လစဉ်လုပ်ခလစာအား ၈၅၀၀၀ (အမေရိကန်ဒေါ်လာ ၉၄ ဒေါ်လာ) သို့တိုးမြှင့်ပေးရန်၊ အချိန်ပိုလစာအားတိုးမြှင့်ပေးရန်နှင့်တနေ့အလုပ်ချိန် ၈ နာရီရရှိရန်တောင်းဆိုခဲ့ကြသည်။
- **မေ ၁၁** - ရန်ကုန် လှိုင်သာယာမြို့နယ် စံကောင်းပိုလီအီသလိန်းပလပ်စတစ်စက်ရုံမှ အလုပ်သမားတထောင်ကျော်တို့သည် လစဉ်လုပ်ခလစာအား ၅၀၀၀ ကျပ်တိုးမြှင့်ပေးရန်တောင်းဆိုသည့်အတွက် အလုပ်ထုတ်ခံခဲ့ရသည့် သူတို့၏လုပ်ဖော်ကိုင်ဖက်အလုပ်သမား ၄၉ ယောက်တို့အားအလုပ်ပြန်ခန့်ရန်တောင်းဆိုသည့်ဆန္ဒပြမှုကို ဆက်လက်ပြုလုပ်ခဲ့ကြသည်။
- **မေ ၁၄** - ရန်ကုန် လှိုင်သာယာမြို့နယ် လပ်ကီးဖိနပ်စက်ရုံမှ အလုပ်သမား ၄၀၀ ကျော်တို့သည် ကုမ္ပဏီမှအချိန်ပိုကြေး နှင့် နေထိုင်ရေး၊ သွားလာရေးစရိတ်များအား မပေးခဲ့သည့်နောက်တွင် ဆန္ဒပြမှုများကိုဆက်လက်ပြုလုပ်ခဲ့သည်။

SIM ကဒ်မဲနှိုက်မှုနောက်ထပ်တကြိမ် ကသောင်းကနင်းဖြစ်

ဧပြီလတွင် မဲနှိုက်စနစ်မှတဆင့် ၁၅၀၀ ကျပ် (အမေရိကန်ဒေါ်လာ ၂ ဒေါ်လာနီးပါး) နှင့်အစိုးရမှရောင်းချခဲ့သည် SIM ကဒ်များသည် [*၂၀၁၃ ခု ဧပြီလမြန်မာသတင်းလွှာ* တွင်ဖတ်ပါ။] ဧပြီလစောစောပိုင်းတွင် ပြန်လည်ရောင်းချသည့်ဈေးကွက်၌ ၇၀၀၀၀ မှ ၁၈၀၀၀၀ အထိပေါက်ခဲ့သည်။ မြန်မာနိုင်ငံသားအများစုသုံးစွဲနိုင်သော SIM ကဒ်များဖြစ်စေရန်ကြိုးပမ်းသည့်မဲနှိုက်စနစ်သည် ထင်ထင်ရှားရှားမအောင်မြင်ခဲ့သော်လည်း မေလ ၂၀ ရက်နေ့တွင်အစိုးရအာဏာပိုင်များသည် တနိုင်လုံးအနှံမဲနှိုက်စနစ်မှတဆင့် ၁၅၀၀ ကျပ်တန် SIM ကဒ် ၃၅၀၀၀၀ အား ဒုတိယအသုတ်အဖြစ်ဆက်လက်ရောင်းချခဲ့သည်။ ဧပြီလမှာကဲ့သို့ပင် လုပ်နည်းလုပ်ဟန်များမှာ ပွင့်လင်းမြင်သာမှုမရှိပဲ SIM ကဒ် ရောင်းချမှုမှာလည်း လုံလောက်မှုမရှိကာ ရလဒ်အဖြစ်ဒေသခံရုံးများတွင် နာရီပေါင်းများစွာတန်းစီပြီးနောက် လူတော်တော်များများအား လက်ချည်းဗလာဖြင့်သာကျန်ရစ်စေခဲ့သည်။

မေလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၂	ပြည်ထောင်စုနေ့စဉ်သတင်းစာက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းသည် USDP ပါတီဥက္ကဋ္ဌအဖြစ် သမ္မတဦးသိန်းစိန်၏

	နေရာကိုအစားထိုးရယူခဲ့သည်ဟု သတင်းဖော်ပြခဲ့သည်။
၂	WWF မှ "မဟာမဲခေါင်ဒေသမှဂေဟစနစ် - အတိတ်၊လားရာ၊ လက်ရှိအခြေအနေ၊ ဖြစ်လာနိုင်သောအနာဂါတ်" အမည်ရှိ အစီရင်ခံစာကိုထုတ်ပြန်ခဲ့ကာ ထိုအစီရင်ခံစာက မြန်မာနိုင်ငံသည် ၁၉၇၃ ခုမှ ၂၀၀၉ ခုနှစ်အတွင်းတွင်၎င်း၏သစ်တောများမှ ၂၄% ကိုဆုံးရှုံးခဲ့ရသည်ဟု ဖော်ပြခဲ့သည်။
၂	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၄ ခုနှစ်မြန်မာ၏အာဆီယံဉက္ကဋ္ဌကိစ္စနှင့် နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုကိစ္စတို့အား ဆွေးနွေးနိုင်ရန်အတွက် စင်္ကာပူကာကွယ်ရေးဝန်ကြီး Ng Eng Hen နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၂	နိုင်ငံအားပြောကြားသော ရေဒီယိုမိန့်ခွန်းထဲတွင် သမ္မတဦးသိန်းစိန်ကမြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးပဋိပက္ခများသည် နိုင်ငံတကာမှပိတ်ဆို့မှုများ၏အကျိုးဆက်များဖြစ်သည်ဟု ပြောဆိုခဲ့သည်။
၃	မွန်ဂိုလီးယားသို့ ၇ ရက်တာခရီးစဉ်အပြီးတွင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့သည်။
၃	သမ္မတဦးသိန်းစိန်သည် သမ္မတရုံးဝန်ကြီးဦးစိုးသိန်းအား မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်မှဖယ်ရှားခဲ့ကာ ထိုအဖွဲ့၏ဥက္ကဋ္ဌအဖြစ် အစိုးရဘဏ္ဍာနှင့်အခွန်ဝန်ကြီးဦးဝင်းရှိန်အား ဦးစိုးသိန်း၏နေရာတွင် အစားထိုးခန့်အပ်ခဲ့သည်။
၃	ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရံပုံငွေအဖွဲ့က ရခိုင်ပြည်နယ်၊ စစ်တွေအနီးရှိပြည်တွင်းဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာများအား မှတ်ပုံတင်ခြင်းသည် ၂၀၁၄ ခုနှစ်နိုင်ငံအဝှမ်းသန်းခေါင်စာရင်းကောက်ယူခြင်းအတွက် ပြင်ဆင်မှုနှင့်ဆက်စပ်နေသည်ဆိုခြင်းကိုငြင်းပယ်လိုက်သည်။
၃	ပူးတွဲကြေငြာချက်တစောင်ထဲတွင် ရိုဟင်ဂျာအဖွဲ့အစည်း ၁၀ ဖွဲ့တို့က အစိုးရမှခန့်အပ်ထားသောကော်မရှင်၏ ရခိုင်ပြည်နယ်မှမငြိမ်မသက်မှုများနှင့်ပတ်သက်သော အစီရင်ခံစာမှာဘက်လိုက်မှုရှိနေသည်ဟုပြောဆိုခဲ့ကာ UN မှရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအား လျင်လျင်မြန်မြန်၊ ပြည့်ပြည့်ဝဝနှင့် ဘက်လိုက်မှုကင်းကင်းစုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကော်မရှင်တခုဖွဲ့စည်းပေးပါရန်တောင်းဆိုခဲ့သည်။
၃	အစိုးရပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်က နိုင်ငံ၏လက်ရှိအခြေအနေနှင့်မကိုက်ညီသည့်အတွက် မြန်မာနိုင်ငံ၏မီဒီယာများအနေဖြင့်သူတို့၏လွတ်လပ်ခွင့်ကို အပြည့်အဝကျင့်သုံးနိုင်လိမ့်မည်မဟုတ်ပါဟု ပြောကြားလိုက်သည်။
၆	ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ အစိုးရအာဏာပိုင်များက ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ ဧပြီလ ၁၉ ရက်နေ့က တရားစွဲဆိုခြင်းခံထားရသော မဒေးကျွန်းဒေသခံ ၁၀ ဦးအားအာမခံပေးခဲ့သည်။
၇	ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင်ဖြစ်ပွားခဲ့သည့် ၂၀၁၂ခုဖွန်လ မငြိမ်မသက်မှုများနှင့်ဆက်စပ်ပတ်သက်သည့်အတွက် ရခိုင်ပြည်နယ် စစ်တွေမြို့ တရားရုံးတခုမှ ရခိုင်ဗုဒ္ဓဘာသာဝင် ၁၀ ဦးအားထောင်ဒဏ် ၉ လမှ ၃ နှစ်အထိအသီးသီးချမှတ်ခဲ့သည်။
၇	မကြာသေးခင်ကဖြစ်ပွားခဲ့သောမြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဘုန်းတော်ကြီးဒလိုင်လားမားက ဘာသာရေးနာမည်ခံ၍လူအများအားသတ်ဖြတ်ခြင်းကို စဉ်းစား၍ပင်မရနိုင်ပါဟု ပြောကြားခဲ့သည်။
၈	အဖွဲ့ဝင် ၁၂ ဦးပါဝင်သော NLD ကိုယ်စားလှယ်အဖွဲ့သည် ၁၀ ရက်တာတရုတ်ပြည်ခရီးစဉ်အတွက် ရန်ကုန်မြို့မှထွက်ခွာသွားခဲ့သည်။
၈	အစိုးရသည် ချင်းပြည်နယ်မှကန်ပက်လက်၊ ရှမ်းပြည်နယ်မှနမ့်စမ်နှင့် တနင်္သာရီတိုင်းမှကျွန်းစုတို့ကို ကမ္ဘာ့ဘဏ်၏ တမျိုးသားလုံးနှင့်ဆိုင်သည့်လူ့အဖွဲ့အစည်းမှမောင်းနှင်သောဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်မည့်ပထမဆုံးမြို့နယ်သုံးမြို့နယ်အဖြစ် ရွေးချယ်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်ကကြေငြာခဲ့သည်။
၈	ထိုင်းနှင့်မြန်မာအစိုးရတို့သည် ပရာချူ့ ခီရီခမ်ခရိုင်၊ စင်ခွန် နှင့် တနင်္သာရီတိုင်း မော်ထောင်တို့ကိုဖြတ်ကျော်ထားသည့်နယ်စပ်ဂိတ်အသစ်ကိုဖွင့်လှစ်ခဲ့သည်။
၈	သမ္မတဦးသိန်းစိန်က နိုင်ငံရေးပါတီများမှကိုယ်စားလှယ် ၃ ဦးထပ်မံပါဝင်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားစိစစ်ရေးကော်မတီကိုတိုးချဲ့ခဲ့သည်။
၈	ရန်ကုန်မြို့ရှိအမေရိကန်သံရုံးတွင်ပြုလုပ်သည့် လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့်ပတ်သက်သည့်အလုပ်ရုံဆွေးနွေးပွဲတခုတွင် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး Derek Mitchell ကလူမှုရေးမီဒီယာများပေါ်တွင် မုန်းတီးရေးအပြောအဆိုများကိုပြုမူကျူးလွန်နေသူများအား အရေးယူမှုပြုလုပ်ပါရန် မြန်မာအစိုးရအားတိုက်တွန်းလိုက်သည်။
၁၀	ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၈ အခြေခံဥပဒေကိုဦးစွာပြင်ဆင်မှုမရှိပဲနှင့် ၂၀၁၅ ရွေးကောက်ပွဲသည်လွတ်လပ်တရားမျှတမှုရှိနိုင်လိမ့်မည် မဟုတ်ပါဟုပြောကြားလိုက်သည်။
၁၁	DKBA တပ်မဟာ ၅၊ BGF တို့နှင့်မြန်မာငြိမ်းချမ်းရေးစင်တာကိုယ်စားလှယ်များတို့သည် ပြီးခဲ့သည့်ဧပြီလကဖြစ်ပွားခဲ့သည့် DKBA တပ်မဟာ ၅ နှင့် BGF တို့အကြားပြဿနာများကို ဆွေးနွေးရန်အတွက် ကရင်ပြည်နယ်၊ ဆုံစည်းမြိုင်ကျေးရွာတွင် တွေ့ဆုံခဲ့သည်။
၁၃	မြန်မာနိုင်ငံဆိုင်ရာတရုတ်သံမှူး Yang Houlan နှင့်ရန်ကုန်မြို့တွင်တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံတွင်တရုတ်ကုမ္ပဏီများမှအကောင်အထည်ဖော်ဆောင်ရွက်နေသော အခြေခံအဆောက်အအုံနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပိုမို၍ပွင့်လင်းမြင်သာမှုရှိအောင်လုပ်ဆောင်ပါရန် ၈၈ မျိုးဆက်ကျောင်းသားများက တောင်းဆိုလိုက်သည်။

၁၄	ထိုင်းအာဏာပိုင်များသည် မြန်မာနိုင်ငံအတွင်းမှ ထိုင်းနိုင်ငံမယ်ဆိုင်သို့တရားမဝင်သယ်ဆောင်ရန် လူလေးဦးမှ ကြိုးပမ်းခဲ့သည့် မီသာဖီတမင်း ဆေးလုံး ၁.၆၆ သန်းနှင့် မီသာဖီတမင်းအခဲ ၄၃ ကီလိုတို့ကိုသိမ်းဆည်းရမိခဲ့သည်။
၁၆	တောင်ကိုရီးယားတွင် မေ ၁၈ အောက်မေ့ဖွယ်ဖောင်ဒေးရှင်းက ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်အား ဂွမ်ဂျူးလူ့အခွင့်အရေးဆုကိုပေးအပ်ခဲ့သည်။
၁၆	USDP မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သောင်းက တိုင်းပြည်နှင့်မြန်မာပြည်သူတို့အတွက်အကျိုးရှိမည်ဆိုလျှင် ၂၀၀၈ အခြေခံဥပဒေအားပြင်ဆင်ရန် သူ၏ပါတီမှထောက်ခံပါမည်ဟုပြောကြားခဲ့သည်။
၁၆	မြန်မာလေကြောင်းလိုင်းမှလေယာဉ်တစီးသည် ရှမ်းပြည်နယ် မိုင်းဆတ်လေဆိပ်တွင် လေယာဉ်ပြေးလမ်းမှကျော်၍ချော်ထွက်သွားခဲ့ရာ ခရီးသည်နှစ်ဦးဒါဏ်ရာရခဲ့ပါသည်။
၁၆	ရှမ်းပြည်နယ် မူဆယ်တွင် ဗုံးတလုံးပေါက်ကွဲခဲ့ရာ လူတဦးသေဆုံးခဲ့ပါသည်။
၁၉	ဝါရှင်တန်ပို့စ်သတင်းစာနှင့်အင်တာဗျူးရာတွင် သမ္မတဦးသိန်းစိန်က တပ်မတော်သည်အစိုးရထဲတွင်အမြဲတမ်းအထူးနေရာတခုရှိနေပါလိမ့်မည်ဟု ပြောကြားခဲ့သည်။
၂၀	မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး Yang Houlan က ကျောက်ဖြူ-ကူမင်းရေနံနှင့်သဘာဝဓါတ်ငွေ့အပြိုင်ပိုက်လိုင်းများသည် မြန်မာနိုင်ငံမှဒေသခံများအား လူမှု-စီးပွားရေးနှင့်ပတ်သက်သည့် အကျိုးစီးပွားများယူဆောင်လာပါလိမ့်မည်ဟု ပြောကြားလိုက်သည်။
၂၁	ABSDF ကိုယ်စားလှယ်များနှင့် အစိုးရအရာရှိများသည် ရန်ကုန်မြို့တွင်အပစ်အခတ်ရပ်စဲရေး ၂ ရက်တာဆွေးနွေးပွဲကိုအဆုံးသတ်ခဲ့သည်။
၂၁	ထိုင်းအစိုးရအဖွဲ့က မြန်မာနိုင်ငံမှထားဝယ်ရေနက်ဆိပ်ကမ်းအတွက် ထိုင်းနိုင်ငံ၏ရင်းနှီးမြုပ်နှံမှုအစီအစဉ်ကို အတည်ပြုပေးခဲ့သည်။
၂၂	ကချင်ပြည်နယ်တွင် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလက ကျောင်းသား ၁၅ ယောက်အသတ်ခံရသည့်ကိစ္စအား စုံစမ်းစစ်ဆေးရန်တာဝန်ပေးအပ်ထားသည့် ABSDF ကော်မရှင်မှအဖွဲ့ဝင် ၄ ဦးသည် ထိုသတ်ဖြတ်မှုမှအသက်မသေပဲကျန်ရစ်ခဲ့ သူ ၉ ဦးနှင့်ရန်ကုန်မြို့တွင်တွေ့ဆုံခဲ့သည်။
၂၂	တိုကျိုတွင် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်က မြန်မာနိုင်ငံ၏ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ရင်းနှီးမြုပ်နှံရန်ဂျပန်ရင်းနှီးမြုပ်နှံသူများအား တိုက်တွန်းလိုက်ပါသည်။
၂၂	IMF က ၂၀၁၃-၁၄ ခုဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးသည် ၆.၇၅ % တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းခဲ့ပါသည်။
၂၂	ကချင်အမျိုးသားညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးမှ ကြေငြာချက်တစောင်ထုတ်ပြန်ကာ မြန်မာနိုင်ငံတွင်စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနစ်ပေါ်ပေါက်ရန်နှင့် ၂၀၀၈ အခြေခံဥပဒေအားပြင်ဆင်ရန်တို့ကိုတောင်းဆိုလိုက်သည်။
၂၂	အစိုးရအာဏာပိုင်များက ရှမ်းပြည်နယ် တောင်ကြီးမြို့မှလောကမာန်အောင် ဘုန်းတော်ကြီးကျောင်းအား ဖြိုချဖျက်ဆီးခဲ့ကာ ကျောင်းထိုင်ဆရာတော်အား ဗုဒ္ဓဘာသာအားညှိုးနွမ်းအောင်လုပ်ဆောင်သည်ဆိုသော စွပ်စွဲချက်ဖြင့်ဖမ်းဆီးထိန်းသိမ်းလိုက်သည်။
၂၂	မြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ UNHCR မှဆုံးဖြတ်ချက်တခုချမှတ်ရန်အတွက်တောင်းဆိုရန် အာဆီယံအားတိုက်တွန်းထားသည့်ကြေငြာချက်တစောင်ကို AIPMC ကထုတ်ပြန်ခဲ့သည်။
၂၃	၂၀၁၃-၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ဩစတေးလျမှဖွံ့ဖြိုးရေးအကူအညီသည် ဩစတေးလျဒေါ်လာ ၆၄.၂ သန်း (အမေရိကန်ဒေါ်လာ ၆၁.၈ သန်း) မှဩစတေးလျဒေါ်လာ ၈၂.၈သန်း (အမေရိကန်ဒေါ်လာ ၇၉.၇ သန်း) သို့တိုးမြှင့်ပေးလိမ့်မည်ဟုရန်ကုန်မှ ဩစတေးလျသံရုံးကပြောကြားလိုက်သည်။
၂၃	အမေရိကန်နိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်လိုသည့် ကုမ္ပဏီများအတွက် "မြန်မာနိုင်ငံ-တာဝန်ရှိသောရင်းနှီးမြုပ်နှံမှုအစီရင်ခံခြင်းအတွက်လိုအပ်ချက်များ" ကိုထုတ်ပြန်ခဲ့သည်။
၂၆	ရန်ကုန်တွင် လူထုအခြေပြုအဖွဲ့များမှကျင်းပသည့် AIDS အမှတ်တရဖယောင်းတိုင်ထွန်းဆုတောင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က HIV ကူးစက်ခံနေကြရသူများအား ခွဲခြားဆက်ဆံခြင်းများကိုအဆုံးသတ်ပါရန် တောင်းဆိုလိုက်သည်။
၂၆	မြန်မာနိုင်ငံတွင်လုပ်ကိုင်ရန်အတွက် နောက်ထပ်ပုဂ္ဂလိကအာမခံကုမ္ပဏီ ၅ ခုကိုအစိုးရမှလုပ်ကိုင်ခွင့်ပေးခဲ့သည်ဟု အစိုးရမီဒီယာများမှဖော်ပြခဲ့သည်။
၂၇	ဒေါ်အောင်ဆန်းစုကြည်က တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားအုပ်စုများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စသည်တို့နှင့်ပတ်သက်၍ ပြီးခဲ့သည့် ၃ နှစ်အတွင်းတွင် မြန်မာနိုင်ငံ၌ "လက်ဆုတ်လက်ကိုင်ပြနိုင်သောပြောင်းလဲမှုမျိုး" မရှိခဲ့သေးပါဟုပြောကြားလိုက်သည်။
၂၇	ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မလေးရှားနိုင်ငံအမြဲတမ်းကိုယ်စားလှယ် Mazlan Muhammad ကမြန်မာနိုင်ငံမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ မလေးရှားနိုင်ငံမှအထူးစိုးရိမ်မကင်းဖြစ်ရကြောင်းပြောကြားလိုက်သည်။
၂၈	ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအပေါ်ဆက်လက်ပြုလုပ်နေသော ခရီးသွားကန့်သတ်မှုများနှင့်ခွဲခြားထားမှုများသည် ရွာများအားလုံးအားအခြေခံဝန်ဆောင်မှုများကိုမရရှိနိုင်စေပဲ မလိုလားအပ်သောသေဆုံးမှုများကိုဖြစ်ပွားနေစေသည်ဟု MSF မှ

	ပြောကြားလိုက်သည်။
၂၉	ဆည်တည်းကျေးရွာ ဧပြီလ ၂၅ ရက်ဆန္ဒပြမှုအတွင်း ဖမ်းဆီးထားသောလူသုံးဦးအားလွတ်ပေးရန်အတွက် ဒေသခံအစိုးရအာဏာပိုင်များအားတိုက်တွန်းရန် စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် မုံရွာကြေးနီမိုင်းအနီးမှလယ်သမားများနှင့်ဒေသခံ ၄၀၀ ကျော်တို့ကဆန္ဒပြခဲ့ကြသည်။
၃၀	ကမ္ဘာလုံးဆိုင်ရာညှိနှိုင်းရေးကုမ္ပဏီဖြစ်သော McKinsey & Co. မှအစီရင်ခံစာတစောင်က မြန်မာနိုင်ငံလူဦးရေသုံးပုံတပုံတို့သည် ၂၀၃၀ ခုနှစ်တွင် တရက်လျှင် အမေရိကန်ဒေါ်လာ ၁၀ အောက်သာဝင်ငွေရှိနေနိုင်ဦးမည်ဟု ပြောကြားလိုက်သည်။
၃၀	အမေရိကန်နိုင်ငံခြားရေးဌာနက ရိုဟင်ဂျာများအားကလေး ၂ ယောက်ထက်ပိုမွေးဖွားခြင်းကိုတားမြစ်မှုအား ပြဌာန်းရန်ရခိုင်ပြည်နယ်အစိုးရအာဏာပိုင်များ၏အစီအစဉ်အပေါ်တွင် စိုးရိမ်မကင်းဖြစ်ရပါကြောင်းပြောကြားလိုက်ကာ အစိုးရအားလည်း ထိုသို့သောပေါ်လစီများကိုမည်သို့မျှတုံ့ဆိုင်းနေခြင်းမရှိပဲဖျက်သိမ်းပေးပါရန်တိုက်တွန်းလိုက်သည်။
၃၁	တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းက ကျောက်ဖြူ-ကူမင်းဓါတ်ငွေ့ပိုက်လိုင်းသည် တည်ဆောက်ပြီးစီးပြီဖြစ်ကာ စမ်းသပ်လုပ်ကိုင်ရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည်ဟုကြေငြာခဲ့သည်။
၃၁	Vodafone နှင့်တရုတ်မိုလ်ဘိုင်း ကုမ္ပဏီတို့သည်၎င်းတို့လိုက်နာသည့် "တင်းကြပ်သောပြည်တွင်းရင်းနှီးမြှုပ်နှံမှုစံနှုန်းများ" နှင့်အစိုးရမှချမှတ်ထားသော အခြေအနေများမကိုက်ညီသည့်အတွက်ဟုဆိုကာ ဆက်သွယ်ရေးလိုင်စင်ရရှိရန်ပြိုင်ဆိုင်မှုမှနုတ်ထွက်လိုက်ကြသည်။

မေလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"အရေးယူခြင်းမခံရသောရာဇဝတ်မှုများမြန်မာနိုင်ငံတွင်လွှမ်းမိုးဆဲ - ရိုဟင်ဂျာများနှိပ်စက်ခံရ၊ မွတ်စလင်များပစ်မှတ်ထားခံရ၊ ကချင်များတိုက်ခိုက်ခံရ" Altsean-Burma http://bit.ly/12Kq6Xh

"မြန်မာပြည်အလယ်ပိုင်းမှအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ - မိတ္ထီလာတွင်မွတ်စလင်ကျောင်းသားများအကြမ်းဖက်သတ်ဖြတ်ခံရ" လူ့အခွင့်အရေးအတွက်သမားတော်များ (PHR) http://bit.ly/10Kujvs

"မြန်မာနိုင်ငံမှကလေးများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်သည့် အထွေထွေအတွင်းရေးမှူးချုပ်၏အစီရင်ခံစာ" ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း http://bit.ly/13gCTzO

"အမျိုးသမီးတွေဘယ်ရောက်နေလဲ" ဆွီဒင်-မြန်မာ ကော်မတီ http://bit.ly/1028t29

"စာနယ်ဇင်းလွတ်လပ်ခွင့် ၂၀၁၃ - မြန်မာနိုင်ငံ" လွတ်လပ်ခြင်းအိမ် http://bit.ly/131XpHK

"နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်သည့် ၂၀၁၂ခုနှစ်အစီရင်ခံစာ" အမေရိကန်နိုင်ငံခြားရေးဌာန http://1.usa.gov/117SnnR

"နှစ်စဉ်အစီရင်ခံစာ ၂၀၁၃ - မြန်မာနိုင်ငံ" အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) http://bit.ly/12XqTWy

"မြန်မာပြည်အပြောင်းအလဲအတွက် လမ်းခွဲနှစ်တွင်အောင်မြင်မှုများအတွက်ညီညွတ်ပေါင်းစည်းမှုလိုအပ်" အရှေ့တောင်အာရှ စာနယ်ဇင်းမဟာမိတ် (SEAPA) http://bit.ly/17IZCJ1

"မြန်မာပြည်မှဆက်သွယ်ရေးအားပြုပြင်ပြောင်းလဲမှု" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) http://bit.ly/12nzGzb

"မြန်မာနိုင်ငံမှလှုပ်ရှားမှု - ထင်ရှားသောအခွင့်အလမ်းများ၊ အဓိကစိန်ခေါ်မှုများ" McKinsey & Company http://bit.ly/11qpG5O

"ငြင်းဆန်ခံရသောရယူနိုင်မှုအခွင့်အလမ်း - မြန်မာနိုင်ငံမှမြေယာအခွင့်အရေးနှင့်တိုင်းရင်းသားပဋိပက္ခ" Transnational Institute (TNI) & Burma Centrum Netherlands (BCN) http://bit.ly/10xs62t

"၂၀၁၃ ခုနှစ်အရင်းအမြစ်စီမံကြီးကြပ်မှုအညွှန်း" အခွန်ငွေစည်းကြပ်မှုစောင့်ကြည့်ရေးအင်စတီကျူ့ http://bit.ly/18MDj6E

“မဟာမဲခေါင်ဒေသမှဂေဟာစနစ် - အတိတ်လား၊ ရာ၊ လက်ရှိအခြေအနေ၊ ဖြစ်လာနိုင်သောအနာဂါတ်” ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရံပုံငွေအဖွဲ့ (WWF) http://bit.ly/ZDoFLQ

“မြန်မာနိုင်ငံတွင်အဓိပ္ပါယ်ပြည့်ဝသောသက်ဆိုင်သူများအကြားညှိနှိုင်းဆွေးနွေးခြင်းပြုလုပ်မှု” SHIFT http://bit.ly/107Q7Ro

“မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများမှတ်တမ်း - ၂၀၁၃ခု မတ်လ” နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/13jBHvl

“ပလောင်ဒေသထိုးစစ်များအတွင်း မြန်မာအစိုးရတပ်များ၏လူ့အခွင့်အရေးချိုးဖောက်မှုနောက်ဆုံးသတင်းများ (၂၀၁၃ခု မတ်လမှဧပြီလ)” ပလောင်အမျိုးသမီးအဖွဲ့ (PWO) http://bit.ly/10G2K7p

“မြန်မာနိုင်ငံ - ခရီးသွားအစီရင်ခံစာ” ကမ္ဘာအနှံ့ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ (CSW) http://bit.ly/15PlZ2q

“ပင်လယ်ပြင်သို့ရောင်းချခြင်း - ထိုင်းနိုင်ငံငါးဖမ်းလုပ်ငန်းများမှလူကုန်ကူးမှုများ” သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုဖောင်ဒေးရှင်း (EJF), http://bit.ly/18ESwZ2

“အာရှသို့အိမ်ပြန်ပိုက်ဆံပို့ခြင်း” စိုက်ပျိုးရေးဖွံ့ဖြိုးရေးအတွက်နိုင်ငံတကာရံပုံငွေ (IFAD) နှင့် ကမ္ဘာ့ဘဏ် (WB) http://bit.ly/10Hpa7A

“ကချင်အရေးတုံ့ပြန်မှုအစီအစဉ် (မြန်မာနိုင်ငံ) ၂၀၁၃ခု မတ်လ - ၂၀၁၃ခု ဒီဇင်ဘာလ” မြန်မာနိုင်ငံ ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံဆိုင်ရာအဖွဲ့ http://bit.ly/173FAeI

“လူသားလုံခြုံရေးနှင့်ပဋိပက္ခကြီးကြပ်ရေးသို့ အဆင့်မျိုးစုံမှချဉ်းကပ်မှု - ရိုဟင်ဂျာပြဿနာ” အစဉ်အလာမဟုတ်သောလုံခြုံရေးလေ့လာမှုစင်တာ (NTS) http://bit.ly/Z6CxzG